HARP-F

Humanitarian Assistance and Resilience Programme Facility


CROWN AGENTS

ACCELERATING SELF-SUFFICIENCY & PROSPERITY

# ကြံ့ ကြံ့ ခံနိုင်မှုအတွက် စွမ်းရည်တည်ဆောက်ခြင်း

**ဇွန်လ ၂၈ ရက် ၊ မြန်မာစံတော်ချိန် နေ့လည် ၂.၃၀-၄.၃၀/**
**မနက် ၉-၁၁ နာရီ (ဗြိတိန် နွေရာသီ အချိန်)**
**အမည်စာရင်းပေးသွင်းရန် - *https://bit.ly/HARPF-Webinar***

**Facebook တွင် Live ကြည့်ရှုရန်- https://www.facebook.com/HARPfacility/**
**ဆွေးနွေးပွဲ (webinar) ကို မြန်မာဘာသာ နှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် ပြုလုပ်သွားပါမည်။**



©HARP-F partner

HARP-F အနေဖြင့် မြန်မာနိုင်ငံရှိ လူသားချင်းစာနာထောက်ထားမှုလုပ်ဆောင်နေသည့် မြန်မာနိုင်ငံရှိ အစိုးရမဟုတ်သောအဖွဲ့အစည်းငယ်များ ၊ လူထုအခြေပြုအဖွဲ့အစည်းများအတွက် ဦးတည်ကာ အွန်လိုင်း သင်တန်းတစ်ခုကို လွယ်ကူသည့် သင်ရိုးဖြင့် မိမိတစ်ဦးတည်း လေ့လာနိုင်အောင် ဖန်တီးခဲ့ပါသည်။

ပြည်တွင်း အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် သဘာဝဘေးနှင့် တိုင်း၊ နိုင်ငံ၊ လူမှုပြဿနာ ရှုပ်ထွေးမှုကြောင့်ဖြစ်ပေါ်သော ဘေးအန္တရာယ်များ ကို ရင်ဆိုင်နိုင်ရန် ပြင်ဆင်ခြင်း၊ တုံ့ပြန်ခြင်း နှင့် ပြန်လည်ထူထောင်ခြင်းများကို လုပ်ဆောင်နိုင်မည့် စွမ်းရည်မြင့်မားလာစေရန်နှင့် ကြံ့ကြံ့ခံ နိုင်စေရန် HARP-F က မိတ်ဖက်အဖွဲ့အစည်းများကို သင်တန်း များပေးခြင်း နှင့် အကြံပေးလမ်းညွှန်ပံ့ပိုးခြင်းများ လုပ်ဆောင်ပေးပါသည်။

မေလ ၂၀၁၈ မှ စတင်ပြီး မြန်မာနိုင်ငံရှိ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း ၁၅၄ ဖွဲ့ မှ လူပေါင်း ၇၂၄ ယောက်ကို အရေးပေါ် အခြေအနေပြင်ဆင်ခြင်းနှင့် တုံ့ပြန်ခြင်း၊ ဘေးအန္တရာယ်လျှော့ချခြင်း၊ ငွေကြေးစီမံခန့်ခွဲမှု၊ ကာကွယ်တားဆီးခြင်းဆိုင်ရာ သတ်မှတ်ချက်စံနှုန်းများအား လိုက်နာမှု၊ ငွေကြေးအလွဲသုံးစားပြုမှု၊ လာဘ်ပေး/လာဘ်ယူမှု ဆန့်ကျင်ရေးအတွက် စံနှုန်းများနှင့် ပတ်သက်ပြီး သင်တန်းများ ပေးခဲ့ပါသည်။ HARP-F မှ သင်တန်းများသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ ၏ ကိုယ်တွေ့စစ်တမ်းများပေါ် မူတည်ပြီး လိုအပ်ချက်များကိုပြည့်မီစေရန် ဒီဇိုင်းဆွဲထားခြင်းဖြစ်သည်။ထို့ပြင် သင်တန်းများ သည် ပြည်တွင်းဒေသအခြေအနေနှင့် ကိုက်ညီစေရန် အသေးစိတ်ပြင်ဆင်ရေးဆွဲ ထား ခြင်းဖြစ်သည်။

ပြည်တွင်းနှင့် ဒေသတွင်း အဖွဲ့အစည်းများ အနေဖြင့် အကူအညီပေးရေး လုပ်ငန်းများဆောင်ရွက်သည့်အခါ ဦးဆောင်နိုင်စေရန် ငါးနှစ်အတွင်း ပံ့ပိုးပေးပြီး နောက် ယခုလကုန်တွင် HARP-F ၏ စီမံကိန်းပြီးဆုံးမည်ဖြစ်သည်။ ယခု အွန်လိုင်းမှလေ့လာနိုင်သည့် သင်တန်းသည် အနာဂတ်တွင် ပြည်တွင်းအဖွဲ့အစည်းများ စွမ်းရည်တိုးတက်စေရန် သေချာစေမည်ဖြစ်သည်။ ဤ သင်တန်းသည် မြန်မာနိုင်ငံတွင် ပထမဆုံး အွန်လိုင်းမှ သင်ယူနိုင်သည့် အရေးပေါ်တုံ့ပြန်မှုသင်ရိုး ဖြစ်သည်။ ထို့ပြင် မြန်မာသင်တန်းဆရာများက မြန်မာဘာသာစကား ဖြင့် မြန်မာ့ရေခံမြေခံကို အခြေခံပြီး အဖွဲ့အစည်းအားလုံးအတွက်အသုံးပြုနိုင်အောင် ပြင်ဆင်ရေးဆွဲထားသော တစ်ခုတည်း သော သင်တန်းဖြစ်သည်။



## ရည်ရွယ်ချက်များ

**Webinar တွင်**

- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အွန်လိုင်းသင်တန်း ကို တင်ပြပြီး နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ ၊ ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့ အစည်းများအနေဖြင့် အရင်းအမြစ်များကို အသုံးပြုပြီး ၎င်းတို့ အဖွဲ့ အတွက် သင့်လျော်သည့် အကြောင်းအရာ များနှင့်အတူ မည်ကဲ့သို့ ဖန်တီးအမှီပြု၍ သင်တန်းများ ပေးနိုင်မည်ကို ပြောကြားပေးခြင်း
- မြန်မာ့အခြေအနေနဲ့ ကိုက်ညီအောင် ဖန်တီးထားသည့် အရေးပေါ် တုံ့ပြန်ခြင်း အခြေခံ သင်တန်းကို မိတ်ဆက်ပေးခြင်း
- တက်ရောက်လာသူများမှ ပိုမိုကောင်းမွန်သည့် သင်ယူလေ့လာနိုင်သည့်နေရာ တစ်ခုအဖြစ် မည်ကဲ့သို့ချဲ့ ထွင်နိုင်သည်ကို အကြံပြုဆွေးနွေးခြင်း ...စသည်တို့ကို ဆွေးနွေးပြောကြားသွားမည်ဖြစ်သည်။

**အစီအစဉ် ဦးဆောင်ဆွေးနွေးသူ-** Jocelyn Williams, Programme Management Coordinator

**မိတ်ဆက်ခြင်း-**Sonia Zambakides, Fund Director,HARP-F

Setting the stage: Aung Naing, Resilience Advisor and Trainer, HARP-F

Way forward:**ဒေါ်သဇင်ကျော်လင်း** , Humanitarian **စီမံကိန်းမန်နေဂျာ** ,Foreign, Commonwealth and Development Office

Training platform demo: Aye Nandar Hlaing, Myat Htet Aung Min , Arkar Kyaw , Humanitarian Trainers at HARP-F

## တက်ရောက်လာသူများမှ အကြံပြု မေးမြန်းဆွေးနွေးခြင်းများ

ဤ ဆွေးနွေးပွဲ *(webinar)* သည် 'ကာလရှည် ပဋိပက္ခများတွင် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများကို ပြန်လည်သုံးသပ်ခြင်း' ခေါင်းစဉ်ဖြင့် *HARP-F* မှ အစီအစဉ်လိုက် ဦးဆောင်ကျင်းပသည့် ဆွေးနွေးပွဲများတွင် ၇ ကြိမ်မြောက် နှင့် နောက်ဆုံးဆွေးနွေးပွဲ *(webinar)* ဖြစ်သည်။ ဒေသတွင်း နှင့် နိုင်ငံတော်အဆင့် စီမံကိန်းဖော်ဆောင်သူများမှ မြန်မာနိုင်ငံ၏ ရှုပ်ထွေးသော ပဋိပက္ခတွင် လူသားချင်းစာနာမှုဆိုင်ရာ စီမံကိန်းများ ဖော်ဆောင်ရာ၌ ၎င်းတို့၏ ကျွမ်းကျင်မှုများ ဝေမျှရန် ဤဆွေးနွေးပွဲများတွင် ဖိတ်ခေါ်ထားပြီး အခြားသော ကာလရှည် ပဋိပက္ခ အခြေအနေများတွင် ရန်ပုံငွေ ထောက်ပံ့သည့် ပုံစံများ နှင့် သင်ယူလိုက်ရသည့် သင်ခန်းစာများကို ဆွေးနွေးမှုများပြုလုပ်ရန် တိုက်တွန်းအားပေးထားပါသည်။

*HARP-F* သည် မြန်မာနိုင်ငံတွင် ပဋိပက္ခများ ဖြစ်ပြီးပြီးချင်း နှင့် ကာလကြာဖြစ်ပွားနေသော ပဋိပက္ခများတွင် ပြည်တွင်း အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို အားကောင်းစေရန် အထူးပြုဆောင်ရွက်ပေးနေသော လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များ ပေးအပ်နေသည့် ဆန်းသစ်သော ရန်ပုံငွေ ထောက်ပံ့သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆက်တိုက်ဖြစ်ပေါ်နေသော ပဋိပက္ခများ နှင့် သဘာဝဘေးများကြောင့် ထိခိုက်ခံစားခဲ့ရသူများ နှင့် ထိုင်းနိုင်ငံနယ်စပ်ဒေသတွင် ၂၀၁၇ ခုနှစ်ကတည်းက ရေတို/လတ်တလော လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းရန်၊ ကြံ့ကြံ့ခံနိုင်မှု တည်ဆောက်ရန် နှင့် ထိလွယ်ရှလွယ်ဖြစ်မှုများ လျှော့ချရန် မိတ်ဖက်အဖွဲ့အစည်းများမှတဆင့် ကျွန်ုပ်တို့ အတူလုပ်ဆောင်ခဲ့ပါသည်။

ဗြိတိန်ပြည်သူများမှ လှူဒါန်းသည်

ယခုစာစောင်ကို **UK** အစိုးရမှ ထောက်ပံ့သည့် **UK** ရန်ပုံငွေဖြင့် ထောက်ပံ့ထားပါသည်။ သို့သော် ဖော်ပြထားသည့် ရှုထောင့်အမြင်များသည် **UK** အစိုးရ၏ တရားဝင်မူဝါဒများကို ထင်ဟပ်ဖော်ပြနေသည်ဟု မဆိုနိုင်ပေ။

မှ ထောက်ပံ့ထားပါသည်။

www.harpfacility.com